တစ်ဦးတစ်ယောက်ကိုမျှ ကြိမ်ဒဏ်ဆယ်ချက်ထက်ပို၍

မရိုက်ရပါ။ သို့ရာ တွင် အလ္လာဟ်အရှင်မြတ်သတ်မှတ်ပြဌာန်းထား‌သောပြစ်ဒဏ်များထဲမှပြစ်ဒဏ်တစ်ခုခုအတွက်မူ ရိုက်ခွင့်ရှိသည်။

အဗူဗုရ်ဒဟ် (ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ သူသည် အလ္လာဟ်အရှင်မြတ်၏
ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) မိန့်ကြားတော်မူသည်ကို
ကြားသိခဲ့သည်။ "တစ်ဦးတစ်ယောက်ကိုမျှ ကြိမ်ဒဏ်ဆယ်ချက်ထက်ပို၍ မရိုက်ရပါ။ သို့ရာ
တွင် အလ္လာဟ်အရှင်မြတ်
သတ်မှတ်ပြဌာန်းထား‌သောပြစ်ဒဏ်များထဲမှပြစ်ဒဏ်တစ်ခုခုအတွက်မူ ရိုက်ခွင့်ရှိသည်။" [صحيح] [متفق عليه]

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)သည် တစ်ဦးတစ်ယောက်ကိုမျှ ကြိမ်ဒဏ်ဆယ်ချက်ထက်ပိုမို၍ မရိုက်ရန် တားမြစ်တော်မူခဲ့သည်။ သို့ရာတွင် ပြစ်မှုများအတွက်မူရိုက်ခွင့်ရှိသည်။ ဆိုလိုသည်မှာ ရှရီအဟ်ဥပဒေတွင် သတ်မှတ်ထားသော ‌ ဒဏ်ရိုက်ချက်အရေအတွက်ရှိသည့် ဒဏ်ခတ်မှု၊ ရိုက်နှက်မှု သို့မဟုတ် အပြစ်ဒဏ်မျိုးကိုရည်ညွှန်းခြင်းမဟုတ်ဘဲ စည်းကမ်းဖောက်ဖျက်မှုအတွက်ဆုံးမသည့်အနေဖြင့်ရိုက်ခြင်းတွင်ဆယ်ချက်ထက် မပိုစေရဟု ဆိုလိုခြင်းဖြစ်သည်။ ဥပမာ - ဇနီးသည်ကိုဖြစ်စေ၊သားသမီးကိုဖြစ်စေ ဆုံးမရာတွင် ရိုက်ခြင်းဖြစ်သည်။

http://sunnah.global/hadeeth/my/show/2987